# ဘက်တဲလ်ခရိမြို့တော်

***မြို့တော်စီမံခန့်ခွဲရေးရုံး -လမ်းပန်းဆက်သွယ်ရေး***

**ချက်ချင်းထုတ်ပြန်ချက်**

သတင်းအချက်အလက်ဆက်သွယ်ရန်။ ။ ကွင်းဆင်းဝန်ဆောင်မှု ကြီးကြပ်အုပ်ချုပ်ရေးမှူး ထော့ဒ် ဂါဘာ၊ ၂၆၉-၉၆၆-၃၅၀၇

*မြို့တော်အတွင်း နှင်း ရှင်းလင်းသည့်ဝန်ဆောင်မှုလမ်းကြောင်းများပြသမည့် မြေပုံအသစ်*

ဘက်တဲလ်ခရိမြို့နယ်၊ မစ်ရှီဂန် — ဆောင်းရာသီ၌ မြို့တော်အတွင်း နှင်း ရှင်းလင်းမှုများအပေါ် လိုက်လံသိရှိလိုသူ အများပြည်သူများအတွက် SnowPaths ဟုခေါ်သည့် အင်တာနက်ဝန်ဆောင်မှုအားစတင်လိုက်ပါသည်။

အဆိုပါအင်တာနက်စာမျက်နှာကို battlecreekmi.gov/snow တွင်ဖော်ပြမည်ဖြစ်ကာ မြို့တော်အတွင်း နှင်း ရှင်းလင်းမှုစီမံချက်များ နှင့် ပတ်သတ်သည့် သတင်းအချက်အလက်များတင်ပြသွားမည်ဖြစ်ပါသည်။ SnowPaths အင်တာနက်စာမျက်နှာအားနှိပ်ပါ။

SnowPaths သည် မြို့တော်ရှိ နှင်းရှင်းလင်းသည့်ယာဉ်များ၌ GPS စနစ်များတပ်ဆင်ထားခြင်းမှတစ်ဆင့် ချိတ်ဆက်ထားသည့် မြေပုံစနစ်ဖြစ်ပါသည်။ အရောင်-ချယ်ပြထားသည့် မျဉ်းကြောင်းလိုင်းများအသုံးပြုခြင်းကြောင့် မည်သည့် လမ်းများသည် နှင်းရှင်းလင်းပြီးသည်ဖြစ်ကြောင်း ကို မြေပုံတွင်ပြထားမည်ဖြစ်ပြီး ပြသပုံမှာ ၄ နာရီခြား - ၈ နာရီခြားအချိန်များအလိုက်ဖြစ်ပါသည်။ အများပြည်သူများသည် မြို့နယ်လမ်းများတွင် လေးနာရီကြာအတွင်း၊ လေးနာရီမှ ရှစ်နာရီကြာအတွင်း၊ ရှစ်နာရီမှ ၁၆ နာရီကြာအတွင်း၊ ၁၆-၂၄ နာရီအတွင်း၊ ၂၄-၃၀ နာရီအတွင်း၊ နာရီ ၃၀ ကျော်အတွင်း၌ နှင်းရှင်းလင်းထားကြောင်းကို မြင်တွေ့နိုင်မည်ဖြစ်ပါသည်။

အဆိုပါအချိန်များအလိုက်ဖော်ပြထားခြင်းကြောင့် နှင်းမှုန်တိုင်းများဖြစ်ပေါ်ချိန်တွင် မိမိတို့နှင်းရှင်းလင်းခြင်း လုပ်ဆောင်မှုတို့အား အများပြည်သူများမြင်တွေ့နားလည်စေမည်ဟု မျှော်လင့်ပါသည်။ မြေပုံတွင် အချိန်နှင့်တပြေးညီနှင်းရှင်းလင်းခြင်းများအား ဖော်ပြထားမည် မဟုတ်ပါ။

အများပြည်သူများသည် မိမိတို့၏ နေရပ်လမ်းလိပ်စာများအား ရိုက်ထည့်ပြီး လမ်းအဆင့်ထိ အနီးကပ်ဆွဲကြည့်နိုင်မည်ဖြစ်သည် – ထို့နောက် “Battle Creek” သို့မဟုတ် မိမိတို့နေရပ်၏ စာတိုက်နံပါတ် ထည့်သွင်းအသုံးပြုရမည်ဖြစ်သည် – သို့မဟုတ် SnowPaths အား မိမိ အသုံးပြုနေသော လျှပ်စစ်ပစ္စည်း၏ တည်နေရာအသုံးပြုခွင့် ပြုလုပ်နိုင်ပါသည်။

အင်တာနက်စာမျက်နှာတွင် ဦးစားပေးလုပ်ဆောင်ခြင်းဖော်ပြချက်အပိုင်း ပါရှိမည်ဖြစ်ပြီး မြို့တော်လမ်းများအနက် ဦးစားပေး နှင်းရှင်းလင်းမည့် လမ်းများကို ဖော်ပြထားမည် ဖြစ်သည်။ လက်ရှိတွင်မြေပုံပြီးမြောက်ရန် လုပ်ဆောင်နေဆဲဖြစ်ပြီး မကြာမီအတွင်း အချက်အလက်များ ပိုမိုစုံလင်မှုရှိလာမည်ဟု မျှော်လင့်ပါသည်။ လက်ရှိအနေအထားအရ မြို့တော်၏ နှင်း ရှင်းလင်းမှု ဦးစားပေးလုပ်ဆောင်မှုများမှာ -

၁။ ပြည်နယ်လမ်းမများ (ကိုလံဘီယာ၊ ဟယ်လ်မာ၊ ဘတ်ဒ်ဖို့ဒ်၊ မစ်ရှီဂန် စသည်) နှင့် မြို့တော် လမ်းမကြီးများ (ဟေးလ်ဘရေဒီ၊ ကပ်ပီတယ်လ် အနောက်မြောက်၊ အမ်းမက်ထ်)။ နှင်းကျနေစဉ် ၎င်းလမ်းမများအား နှင်းရှင်းလင်းပြီးဖြစ်သော်လည်း ပြန်လည်၍လာရောက်ထပ်မံရှင်းလင်းနိုင်ပါသေးသည်။

၂။ ဘက်တဲလ်ခရိမြို့ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ နှင့် မြို့နယ်ကျောင်းများကပ်ရပ်အနီးဝင်းကျင်ရှိ လမ်းများ။ ကျောင်းများသို့ အမြဲမပျက်သွားရောက်ရန် မဖြစ်နိုင်သော်လည်း မိမိတို့တတ်စွမ်းသမျှ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျောင်းဘတ်စ်ကား လမ်းကြောင်းများအတွက်မူ ဦးစားပေးစီစဉ်ခြင်းမရှိပါ။

၃။ လူနေရပ်ကွက်များ/ မြို့တွင်း/ ရပ်ကွက်အတွင်းရှိလမ်းများ

၄။ လမ်းကျိုလမ်းကြားများနှင့် ထွက်-လမ်း-မရှိ လမ်းများ၊ ကုန်တင်ယာဉ်အသေးစားများ အသုံးပြုခြင်း၊ ဧရိယာတစ်ဝိုက်ရှိ လမ်းမကျယ်များ

ကျွန်ုပ်တို့၏ ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ ကွင်းဆင်းဝန်ဆောင်မှုအဖွဲ့ထံ ဆက်သွယ်လိုလျှင် ၂၆၉-၉၆၆-၃၅၀၇ သို့ခေါ်ဆိုခြင်း သို့မဟုတ် PublicInput@battlecreekmi.gov သို့ အီးမေးလ်ပို့ခြင်းတို့ပြုလုပ်နိုင်ပါသည်။

###

City of Battle Creek SnowPaths site မှ ကြိုဆိုပါတယ်။ မြေပုံသည် မကြာသေးမီက ကျွန်ုပ်တို့၏ အမှုထမ်းများက မြို့တွင်းလမ်းများမှ နှင်းများရှင်းလင်းထားပုံကို ပြသသည်။

**သင့်လမ်းလိပ်စာကို ရိုက်ထည့်သောအခါ၊ "Battle Creek" သို့မဟုတ် သင်၏စာပို့ကုဒ်ကို သေချာထည့်သွင်းပါ။**

အကယ်၍ ကျွန်ုပ်တို့သည် နှင်းရှင်းလင်းခြင်းမလုပ်ဘဲ မြေပုံပေါ်တွင် ထရပ်ကားလှုပ်ရှားမှုကို သင်တွေ့ပါက၊ ကျွန်ုပ်တို့သည် အခြားလုပ်ငန်းတစ်ခုအတွက် ထရပ်ကားကို အသုံးပြုနေခြင်းဖြစ်နိုင်သည်။

သင့်မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများရှိပါက PublicInput@battlecreekmi.gov သို့မဟုတ် 269-966-3311 ဖြင့် ကျွန်ုပ်တို့ကိုဆက်သွယ်ပါ။ ကျွန်ုပ်တို့၏ဝဘ်ဆိုဒ်၊ battlecreekmi.gov/snow တွင် နောက်ထပ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။

***ကျွန်ုပ်တို့သည် ဤဆိုက်(site)ရှိ ဦးစားပေး တက်ဘ်(tab)ကို လုပ်ဆောင်ဆဲဖြစ်ပြီးအချက်အလက်များကို မကြာမီ ရရှိပါမည်။ စောင့်မျှော်ကြည့်ရှုပေးပါ။***

ငြင်းဆိုချက်-ဤစနစ်သည် Geographical Positioning Systems နှင့် Geographical Information Systems technologies များပေါ်တွင် ကြီးမားစွာ မှီခိုနေရသောကြောင့် 100 ရာခိုင်နှုန်း တိကျမှုကို မပေးနိုင်ပါ။

---

Status tab မှာ သင့်လိပ်စာကို စာသားအကွက်တွင် ထည့်သွင်းပါ သို့မဟုတ် သင့်ပတ်ဝန်းကျင်ရှိ လမ်းများကိုကြည့်ရန် တည်နေရာခလုတ် (location buttons) များကို အသုံးပြုပါ။

နောက်ဆုံးရှင်းလင်းထားသော လမ်းများအတွက်မြေပုံသင်္ကေတ-

အနီရောင် - လွန်ခဲ့သည့် လေးနာရီခန့်က

ခရမ်းရောင် - လွန်ခဲ့သော လေးနာရီမှ ရှစ်နာရီအတွင်း

အပြာရောင် - လွန်ခဲ့သော ရှစ်နာရီမှ ၁၆ နာရီအတွင်း

မီးခိုးရောင် - လွန်ခဲ့သော ၁၆-၂၄ နာရီ

အနက်ရောင် - လွန်ခဲ့သော ၂၄-၃၀ နာရီ

အဖြူရောင်/အလွတ် - လွန်ခဲ့သော နာရီ ၃၀ ကျော်က